အဖျဉ်းလယ်ဦးကျေးရွာ

အဖျဉ်းကျေးရွာအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အဖျဉ်းလယ်ဦးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၂၄

## မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ ၁

စကားချီး ၂

အဖျဉ်းလယ်ဦးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃

အဖျဉ်းလယ်ဦးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆

(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၅

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၀

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၁
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၂
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၄
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ဝမ်းစာဖူလုံမှု
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**


ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားရခြင်း၏ အဓိကအကြောင်းရင်းများ
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၉**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၈၁**
**ကိုးကားစာရင်း**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက် လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဇူလိုင်လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အဗျဉ်းလယ်ဦးကျေးရွာ
ဇလွန်မြို့နယ်

# အဗျဉ်းကျေးရွာအုပ်စု၊ အဗျဉ်းလယ်ဦးကျေးရွာ သယံဇာတပြမြေပုံ



# အဖျဉ်းကျေးရွာအုပ်စု၊ အဖျဉ်းလယ်ဦးကျေးရွာရာသီခွင်ပြက္ခဒိန်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်း ဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှု များပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ် နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

အဗျဉ်းလယ်ဦးကျေးရွာသည်ဇလွန်မြို့၏တောင်ဘက်အရပ်တွင်တည်ရှိပါသည်။အဗျဉ်းလယ်ဦးကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြေပြန့်ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုးရေးနှင့်တနိုင်တပိုင် မွေးမြူရေး လုပ်ကိုင်ကြပါသည်။ တစ်နှစ်ပတ် လုံးတွင် (၅)လခန့် မိုးရွာသွန်းပါသည်။ ကျေးရွာသည် ဇလွန်မြို့နှင့် (၆)မိုင် ကျော်ကွာဝေးပြီး ကျေးရွာ သည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုး ရေချိန် လက်မမှာ(၄၀)အထက် ရှိပြီး လယ်မြေသည် စပါး၊ ပဲအမျိုးမျိုးနှင့် ခြံမြေသည် ကွမ်းတို့ကို စိုက်ပျိုးပြီး အသက်မွေးဝမ်း ကျောင်း ပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

အဖျဉ်းလယ်ဦးကျေးရွာသည် ကျောက်နှင့်သဲ တွင်းထွက်သယံဇာတများ၊ သဘာဝအပင် မျိုးစိတ်များရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းများအတွက် နွားအသုံးပြုမှုရှိသောကြောင့် နွားစာအတွက် မြက် များကို လယ်တောများတွင် အလွယ်တကူ ရရှိနိုင်ပါသည်။ စားကျက်မြေမှ သီးသန့်မရှိတော့ပါ။ ဆေး ဘက်ဝင်အပင်များကို အနည်းငယ်သာတွေ့ရှိနိုင်ပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အဖျဉ်းလယ်ဦးကျေးရွာတွင် အိမ်ခြေ(၁၄၅)အိမ်၊ အိမ်ထောင်စု (၁၄၅)နှင့် လူဦးရေ (၆၇၇)ဦး၊ ကလေးငယ်အရွယ်(၄)%၊ ကျောင်းနေအရွယ်(၁၄)%၊ အလုပ်လုပ်နိုင်သော အရွယ်(၇၀)%၊ သက်ကြီး ရွယ်အို(၁၁)%ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစုနေထိုင်ကြပါသည်။ကျေးရွာတွင် အမျိုး သား (၃၂၀) ဦး၊ အမျိုးသမီး(၃၅၇)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီး ပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို အ ထောက်အကူ ပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဖျဉ်းလယ်ဦးကျေးရွာတွင် လယ်စိုက်ပျိုးရေးနှင့် ခြံကိုအများဆုံးလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင် နှင့်ခြံလုပ်ငန်းတို့တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြသူများလည်းရှိပါသည်။ လယ်နှင့်ခြံလုပ်ငန်း အဓိကလုပ်ကိုင်သူ(၇၀)%၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ(၂၀)%၊ လယ်လုပ်ငန်းများတွင် ရာသီအလိုက် နေ့စား အလုပ်လုပ်ကိုင်သူ (၂၇) % ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

အဖျဉ်းလယ်ဦးကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေဧက(၃၂၄)ဧက၊ ခြံမြေဧက (၁၆.၄) ဧက၊ စားကျက်မြေ၊ ယာမြေ၊ ကိုင်းမြေ၊ ဓနိတောမြေ၊ မြေလွတ်မြေလပ်များ မရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စု (၃) အိမ် (၂) %၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၄၆)အိမ် (၃၀%)၊ မပြေလည်သော အိမ်ထောင်စု (၁၀၅) အိမ် (၆၇%)၊ အလွန်မပြေလည်သော အိမ်ထောင်စု(၃)အိမ် (၂)% ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၁၄၅)အနက် မြေယာမဲ့(၅၂)%ရှိကြောင်း၊ ဆင်းရဲသား တောင်သူ(၁၂)%ရှိကြောင်း၊ တောင်သူငယ် အိမ်ထောင်စု(၁၄)%ရှိကြောင်း၊ စိုက်ပျိုး မြေယာ ဧက(၅) ဧကနှင့် (၁၂.၅)ဧက ကြား ပိုင်ဆိုင်သူ တောင်သူလတ်အိမ်ထောင်စု (၂၀) % ရှိ ကြောင်း၊ စိုက်ပျိုး မြေယာ ဧက (၁၂.၅) ဧက အထက် ပိုင်ဆိုင် သူ တောင်သူကြီးအိမ်ထောင်စု (၃)%ရှိကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

အဗျဉ်းလယ်ဦးကျေးရွာသည် လယ်အားအဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့် လယ်စိုက်ပျိုးရေး သုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၁၀)စီး၊ ခြွေလှေ့စက် (၉)စီးနှင့် ရေစုပ်စက် (၅)စီးရှိကြောင်း၊ ကျေးရွာမှစုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်/အဖွဲ့ပိုင် စက်ကိရိယာများ မရှိကြောင်း၊ အခြားဝင်ငွေရလုပ်သားများမှာ ရာသီမရွေး အလုပ်လုပ်ကိုင်နိုင်ခြင်းကြောင့် ဝင်ငွေ/ ထွက်ငွေ မမျှတ၍ စီးပွားရေးအခက်အခဲ နှစ်စဉ်ကြုံ တွေ့နေရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

အဗျဉ်းလယ်ဦးကျေးရွာရှိအိမ်ထောင်စုပေါင်း(၁၄၅)အနက် (၃)လနှင့်(၆)လကြားဝမ်းစာဖူလုံမှုသာရှိ၍ လုပ်အားခကြိုယူရသောအိမ်ထောင်စုမှာ (၃၂)အိမ်ရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ် ထောင်စုမှာ(၁၀)အိမ်ရှိကြောင်း၊ အထောက်အပံ့ယူ၍သော်လည်းကောင်း၊ လုပ်အားခကြိုယူ၍ စား သောက်ရကြောင်း၊ကျန်ရှိသောအိမ်ထောင်စုများမှာ လုပ်အားခယူ၍သော်လည်းကောင်း စားဝတ်နေ ရေး ဖြေရှင်းကြကြောင်း တွေ့ရှိရပါသည်။

အဗျဉ်းလယ်ဦးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ်အထက်မရှိကြောင်း၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုမရှိကြောင်း၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်သော ဆင်းရဲသည့်အိမ်ထောင်စုမရှိကြောင်း ၊ကူညီစောင့်ရှောက်မှုအထူးလိုအပ်နေသော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အဗျဉ်းလယ်ဦးကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်သောအခြေအနေအတွင် အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက် သက်ရောက်မှုမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ (၃)လနှင့်(၆)လအောက် စားနပ်ရိက္ခာမဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့် အခြေအနေမျိုးရှိကြောင်းတွေ့ရှိရပါသည်။ အဗျဉ်းလယ်ဦးကျေးရွာသည် သဘာဝအရင်းအမြစ် (မြေ၊ စိုက်ပျိုးရေးရှား ပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ ငလျင်ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းရောဂါ၊ ကျေးရွာတွင်း ပဋိပက္ခ ၊တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှု စသည့်ထိခိုက်မှုမျိုးမရှိကြောင်း တွေ့ရှိရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

အဗျဉ်းလယ်ဦးကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှုနည်းကြောင်း၊ ရာသီတုအလိုက် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ နှာစေးချောင်းဆိုးရောဂါဖြစ်ပွားမှု အနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုမရှိပါ။ Covid-19 ရောဂါကူးစက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အဗျဉ်းလယ်ဦးကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာနှင့်အနီးတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိကြောင်း၊ ကျေးရွာနှင့်(၄)မိုင်အကွာတွင် ဇလွန်ပြည်သူ့ဆေးရုံကြီး ရှိပြီး လိုအပ်သောအခန်း၊ ကုတင်ပြည့်စုံလုံလောက်မှုရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင် ပတ်သက်၍ အခက် အခဲမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

အဖျဉ်းလယ်ဦးကျေးရွာတွင် စာမတတ်သူ မ(၂)ဦး၊ စုစုပေါင်း(၂)ဦး၊ (၁)%ရှိကြောင်း၊ မူလတန်း အဆင့်ရှိသူဦးရေ ကျား(၁၅၉)ဦး၊ မ(၁၉၀)ဦး၊ စုစုပေါင်း (၃၄၉)ဦး၊ (၅၀)% ရှိကြောင်း၊ အလယ် တန်းအဆင့်ရှိသူဦးရေ ကျား(၆၂)ဦး၊ မ(၆၄)ဦး၊ စုစုပေါင်း(၁၂၆)ဦး၊ (၂၅)% ရှိကြောင်း၊ အထက်တန်း အဆင့်ရှိသူဦးရေ ကျား(၅၂)ဦး၊ မ(၃၃)ဦး၊ စုစုပေါင်း(၈၅)ဦး၊ (၁၅)% ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေ ကျား(၁၄)ဦး ၊မ(၂၃)ဦး၊ စုစုပေါင်း(၃၇)ဦး၊ (၇)% ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

အဖျဉ်းလယ်ဦးကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား (၄၁)ဦး၊ မ(၃၂)ဦး၊ စုစုပေါင်း(၇၃)ဦး၊ (၁၄)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၁၄)ဦး၊ မ(၂၄)ဦး၊ စုစုပေါင်း (၃၈)ဦး၊(၆)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၈)ဦး၊ မ(၉)ဦး၊ စုစုပေါင်း (၁၇)ဦး၊ (၄)%ရှိ ကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၃)ဦး၊ မ(၄)ဦး၊ စုစုပေါင်း(၇)ဦး၊ (၁)%ရှိကြောင်း လေ့ လာတွေ့ရှိရ ပါသည်။

အဖျဉ်းလယ်ဦးကျေးရွာတွင် အလျား-၃၇၀ပေ.အနံ-၃၀ပေ အလယ်တန်း စာသင်ကျောင်းရှိပါသည်။ ကျောင်းဆရာ၊ဆရာမဦးရေမှာ ကျား(၄)ဦး၊မ(၁၃)ဦးရှိပြီး ကျေးရွာခန့်ဆရာမ(၁)ဦး စုစုပေါင်း (၁၈)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

အဖျဉ်းလယ်ဦးကျေးရွာရှိ ကျား၊မရေးရာ အခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုနည်းပါးကြောင်း ၊လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင် ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင် ရာများအတွက် ကျေးရွာသူ/ကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာသည် လယ်နှင့်ခြံလုပ်ငန်း အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်နှင့်ခြံလုပ်ငန်းများတွင် ရာသီအလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၇၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၆၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၆၀၀၀)ကျပ်၊အနည်းဆုံးမှာ(၅၀၀၀)ကျပ်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေး၊ လက် သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်ကြသည့် ယောကျ်ားလေးလုပ်အားခအများဆုံးမှာ (၁၀၀၀၀) ကျပ် အနည်းဆုံးမှာ(၇၀၀၀)ကျပ်၊ မိန်းကလေးလုပ်အားခအများဆုံးမှာ(၁၀၀၀၀)ကျပ်ဖြစ်ကြောင်း၊ အနည်း ဆုံးမှာ(၆၀၀၀)ကျပ်၊ အမျိုးသားနှင့်အမျိုးသမီးများ ခွဲခြားဆက်ဆံမှုမရှိပဲ လုပ်အားစိုက်ထုတ်မှုပေါ်မူ တည်၍ အနည်းငယ် ကွာခြားမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

အဖျဉ်းလယ်ဦးကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့၊ လူငယ်အဖွဲ့တို့ရှိပြီး လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေးကိစ္စရပ်များတွင် လူကြီး၊လူငယ်၊ ကျား၊မ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာသည်ကျေးရွာသားများသည် ဗမာလူမျိုးအများစုဖြစ်ကြပြီး ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတို့လည်းရှိပါသောကြောင့် ကျေးရွာ၏ အခြေခံအဆောက်အဦ သင့်တင့်ကောင်းမွန်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

အဖျဉ်းလယ်ဦးကျေးရွာတွင် စပါးနှင့်မတ်ပဲအား အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး စပါး စိုက်ဧက (၄၀၀)ဧကရှိပြီး (၁)ဧကပျမ်းမျှ (၈၀)တင်း၊ မတ်ပဲ(၁၇၀)ဧကရှိပြီး (၁)ဧကပျမ်းမျှ အထွက်နှုန်း (၁၇)တင်းထွက်ရှိကြောင်း၊ သီးနှံများဖြစ်ထွန်းမှုအကျိုးအမြတ်မှာလည်း သင့်တင့်ကောင်းမွန်ပါကြောင်း၊ စပါးနှင့်မတ်ပဲကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာ၏ သီးနှံအထွက်နှုန်းကောင်းစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်အဓိကစိုက်ပျိုသောကျေးရွာဖြစ်သဖြင့် လယ်မြေကိုကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေး အတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သောသွင်းအားစု ရေကို အဝီစိ တွင်းတို့မှတိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေဆီလွှာသင့်တင့်ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

အဖျဉ်းလယ်ဦးကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် လက်တွန်း ထွန်စက်များ၊ထွန်စက်များ၊ခြွေလှေ့စက်များအသုံးပြု၍ ထုတ်ကုန်များရရှိရန် အသုံးပြုကြပါသည်။ ချေးငွေ နှင့်ငွေကြေးဝန်ဆောင်မှုမှာလည်း စိုက်ပျိုးရေးအတွက်ရရှိပါသည်။ စိုက်ပျိုးရေးသီးနှံမျိုးစေ့များ ဝယ် ယူရရှိပါသည်။

အဖျဉ်းလယ်ဦးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသောအိမ်ထောင်စု (၈)အိမ်၊ အကောင်ရေ(၁၈)ကောင်၊ မြင်းမွေးမြူသောအိမ်ထောင်စု(၈) အကောင်ရေ(၁၅)ကောင်၊ ဆိတ်မွေးမြူသောအိမ်ထောင်စု(၃) အကောင်ရေ(၂၃)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု(၆၁) အကောင်ရေ(၂၀၅)ကောင်၊ဘဲမွေးမြူသောအိမ်ထောင်စု(၁၂) အကောင်ရေ(၈၀)ကောင်၊ ကြက်မွေးမြူ သော အိမ်ထောင်စု (၂၈)အိမ်၊ အကောင်ရေ(၂၂၃)ကောင်ရှိကြောင်းနှင့် ကျွဲ၊ မြည်း၊ လား၊ သိုးမွေးမြူ သော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်

နွား၊ ကြက်၊ မြင်းမွေးမြူရေး ကဏ္ဍ များတွင် ပြဿနာအခက်အခဲများရှိ၍ စီးပွားဖြစ်မွေးမြူကြခြင်းမဟုတ်ကြောင်း လေ့လာတွေ့ရှိ ရပါ သည်။



## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အဖျဉ်းလယ်ဦးကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်သောအိမ်ထောင်စုများသည် နေ့စားကျပန်းအလုပ်လုပ်ကိုင်ကြခြင်း၊ အ ရောင်းအဝယ်လုပ်ငန်းများ၊ အစိုးရဝန်ထမ်းများ၊ ဒေသထွက်ကုန်များအား အခြားမြို့များသို့ ကယ်ရီပို့ ဆောင်ခြင်းအလုပ်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

အဖျဉ်းလယ်ဦးကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှုစနစ်၌ လယ်အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်စိုက်ပျိုးရေးလုပ်ငန်းတို့မှထွက်ရှိသော အမှိုက်များအား မြေဩဇာအဖြစ်ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွား မှုအန္တရာယ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုး ကျရောက်မှု ဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေဩဇာသုံးစွဲမှုနည်းပါး ပြီးအလွယ်တကူအသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုး ကောင်းမျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

အဖျဉ်းလယ်ဦးကျေးရွာတွင် လယ်သမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အတိုးနှုန်းပြားစဖြင့် ချေးယူသုံးစွဲကြပါသည်။ လယ်သမားများ သည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များ အတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေး တင်ရှိမှုကိုလေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှု အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အဖျဉ်းလယ်ဦးကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင် တွင်း(စက်တပ်) အသုံးပြုသူအိမ်ထောင်စု (၁၀၃) အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု (၃၈) အိမ်ရှိကြောင်း၊ တုံကင်တွင်းတို့မှ နွေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း၊ ကျန်းမာသန့်ရှင်းသော သောက်သုံးရေအတွက် စက်ရေတွင်း အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိ ရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာရှိအိမ်သာသုံးစွဲမှုမှာကျေးရွာတစ်ရွာလုံးသန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲ ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ ကောင်းမွန်ပါသည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက် များကို စနစ်တကျထားခြင်း၊ပလတ်စတစ်အိပ်များ စနစ်တကျ



စွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံး ဆေးဝါးများစနစ်တကျစွာသုံးစွဲခြင်း၊ စိုက်ပျိုးရေးသုံးဗူးခွံများအား လယ်/ကိုင်းထဲတွင် မြေမြုပ်ပြီး စနစ်တကျစွန့်ပစ်သည်မှာအမှန်ပင်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

အဖျဉ်းလယ်ဦးကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စ ရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ သောကြောင့် ဘုရားပွဲများ၊ ရွာဘုံကထိန်ပွဲများ နှစ်စဉ်ကျင်းပဆောင်ရွက်ကြကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

အဖျဉ်းလယ်ဦးကျေးရွာရှိ ရွာအဝင်လမ်းမှာ မြစိမ်းရောင်အတိုးရငွေဖြင့်ဆောင်ရွက်ထားသော ကွန်ကရစ်လမ်းနှင့် ရွာတွင်းလမ်းမှာ ကိုယ်ထူကိုယ်ထ(၁၀ပေ)အကျယ်ရှိသော ကျောက်ချောလမ်း အဆင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာသည် လက်ရှိတွင် မဟာဓာတ်အားလိုင်းအသုံးပြုသူအိမ်ထောင်စု (၁၄၁)အိမ် (၉၀)% ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များရရှိရေးအတွက် ဖုန်း (၁၄၁)လုံး၊ တီဗွီ(၈၀)လုံး၊ ဂြိုလ်တုစလောင်း(၁၉)လုံး၊ရေဒီယို(၂)လုံးရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက် သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာ တွေ့ ရှိ ရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၄)မိုင်ကျော်ကွာဝေး သော အနီးဆုံးဈေး “ဇလွန်ဈေးဟောင်း’သို့ ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီတို့ဖြင့် သွားလာကြပြီး စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက် လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာသည် ပစ္စည်းစုံ ဝန်ဆောင်မှုများ အတွက် ( ၁၆ )မိုင် အထက်ကွာဝေးသော ဟင်္သာတမြို့သို့ ဆိုင်ကယ်၊ အငှားကား၊ ထော်လာဂျီတို့ဖြင့် သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ စက်ဘီး(၆၆)စီး၊ ဆိုင်ကယ် (၄၇)စီး၊ ထော်လာဂျီ(၁၅)စီး ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

အဖျဉ်းလယ်ဦးကျေးရွာတွင်လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲ မှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့ သောဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။



## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

အဖျဉ်းလယ်ဦးကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း၊ ကျေးရွာစာသင်ကျောင်း၊ ရွာတွင်းကျောက်ချောလမ်းများရှိခြင်းကြောင့် အခြေခံအဆောက်အဦသင့်တင့်ကောင်းမွန်မှုရှိပါသည်။

အဖျဉ်းလယ်ဦးကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့၊ ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ တို့ရှိပြီး ကျေးရွာသူကျေးရွာသားများအားလုံးနှင့် အသင်းနှင့် ပေါင်းစပ်၍ ကျေးရွာတစ်ရွာလုံး စည်း စည်းလုံးလုံးဖြင့် သာရေး၊ နာရေးကိစ္စအဝဝ ပူးပေါင်းဆောင်ရွက်သောကြောင့် ပူးပေါင်း ဆောင် ရွက်မှုအားကောင်းပါကြောင်း တွေ့ရှိရပါသည်။ စိုက်ဘဏ်ချေးငွေအဖွဲ့ရှိသောကြောင့် လယ်လုပ် ငန်းများအတွက် ချေးငွေလက်လှမ်းမီပါကြောင်း တွေ့ရှိရပါသည်။

အဖျဉ်းလယ်ဦးကျေးရွာရှိ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း အမျိုးသားများနှင့်အတူ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ရွာအနီးရှိ စွံပိကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိခြင်း၊ ကျေးရွာနှင့်(၄)မိုင်အကွာတွင် ဇလွန်ပြည်သူ့ဆေးရုံရှိပြီး လိုအပ် သောအခန်း၊ ကုတင်များလုံလောက်မှုရှိပြီး ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

အဖျဉ်းလယ်ဦးကျေးရွာအတွင်းရှိ ရွာတွင်းလမ်းမှာ (၃၈၀၀)ပေရှိပြီး အကျယ်(၈ပေ) ကိုယ်ထူကိုယ်ထ မြေသားလမ်းဖြစ်ပြီး လက်ရှိမြေသားလမ်းအား ရာသီမရွေး ဖြတ်သန်းသွားလာနိုင်သည့် ကျောက်ချောလမ်းခင်းနိုင်ပါက ကျေးရွာတွင်းသွားလာရေးတွင်သာမက ယာဉ်များ အတိမ်းအရှောင်၊ ကျန်းမာရေးကိစ္စအဝဝတွင် သုံးဘီးကားများ လယ်ယာကုန်ထုတ်ယာဉ်များ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်ကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်–

(က.၁) ကျွန်ုပ်တို့သည် ကျေးရွာတွင်းလမ်း ၂(၇၆၁၅'x၃'x၆") ကွန်ကရစ်ဘီးလမ်း အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။



(က.၂) ကျွန်ုပ်တို့သည် ကျေးရွာရေရရှိရေးလုပ်ငန်းနှင့်အိမ်သွယ်ရေတိုင်စနစ်ဆောင်ရွက်ခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၃) ကျွန်ုပ်တို့သည် ကျေးရွာအဝင်ဆိုင်းဘုတ်ပြုလုပ်ခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၄) ကျွန်ုပ်တို့သည်ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း (၄၀'x၆၀'x၁၂')တည်ဆောက် ခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၅) ကျွန်ုတို့သည် ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။

(က.၆) ကျွန်ုတို့သည် စာသင်ကျောင်းဆောင်အသစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား အကောင် အထည် ဖော်ဆောင်ရွက်သွားမည်။

(က.၇) ကျွန်ုတို့သည် ထရမ်စဖော်မာလိုအပ်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင် ရွက်သွားမည်။

(က.၈) ကျွန်ုတို့သည် ITစင်တာအတွက် လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၉) ကျွန်ုတို့သည် ထွန်စက်အား အရစ်ကျစနစ်ဖြင့်ဝယ်ယူလိုခြင်းလုပ်ငန်းအား အကောင် အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၁၀) ကျွန်ုတို့သည်ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)လုပ်ငန်း အားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၁၁) ကျွန်ုတို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများအား ပို့ချပေးစေလိုခြင်း

(က.၁၂) ကျွန်ုတို့သည် အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း လုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၁၃) ကျွန်ုတို့သည် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ သင်တန်းများ၊အထောက် အပံ့များဆောင်ရွက်ပေးစေလိုခြင်း

(က.၁၄) ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အပင်များစိုက်ပျိုးခြင်း အမှိုက်ပုံးများဝယ်ယူလိုခြင်း၊ အမှိုက်ကန်တည်ဆောက်လိုခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်



ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်းသတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များ နှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ

လူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**



စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီး မြှပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်းလိုအပ်ပါသည်။

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထ ည့်သွင်းပေးမည်။

၁၇

| စဉ် | စီမံချက် | အတိုင်းအတာ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ |
|---|---|---|---|---|---|---|---|
| **၁** | **ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး** | | | | | | |
| ၁ | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၂(၁၀၀၀' x၃' x၆") | ✓ | | | | |
| ၂ | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၂(၁၉၉' x၃' x၆") | ✓ | | | | |
| ၃ | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၂(၁၃၁၅' x၃' x၆") | | ✓ | | | |
| ၄ | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၂(၁၂၅၀' x၃' x၆") | | | ✓ | | |
| ၅ | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၂(၂၁၃၀' x၃' x၆") | | | | ✓ | |
| ၆ | ကျေးရွာတွင်းကွန်ကရစ်ဘောင်ခတ် ချောင်းကျောက်ခင်းခြင်း | ၁၂၀၀x၈'x၆" | | ✓ | | □ | |
| ၇ | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၂(၃၃၁၀' x၃' x၆") | | | | | ✓ |
| ၈ | ကျေးလက်ရေရရှိရေးလုပ်ငန်း ၄.၅Ø၄၀၀'တွင်းနက်၊ | (၁၀'x၁၀'x၄')ပေ၂၀အမြင့် တင်ရေစင်၊(၅'x၅'x၇')ရေစက်ရုံ | ✓ | | | | |
| ၉ | ကျေးရွာအဝင် ဆိုင်းဘုတ်ပြုလုပ်ခြင်း | ၈' x၉' | ✓ | □ | | | |
| ၁၀ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၆၀'x၄၀'x၁၂' | | ✓ | | | |
| ၁၁ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | | | | | | |
| ၁၂ | ကျောင်းဆောင်သစ်အဆင့်မြှင့်တင်ခြင်း | ၉၀'x၃၀'x၁၂' | | ✓ | | | |
| ၁၃ | အိမ်သွယ်ရေတိုင်စနစ်ဆောင်ရွက်လိုခြင်း | ၉၀၀၀' | | ✓ | | | |
| ၁၄ | ထရမ်စဖော်မာလိုအပ်ခြင်း | | | ✓ | | | |
| ၁၅ | Digital Centerတွင်ထားရှိသောItစက် ပစ္စည်းများဝယ်ယူခြင်း/Wifiတပ်ဆင်ခြင်း | Computer တစ်စုံ Wifi တစ်စုံ | ✓ | □ | | | |
| **၂** | **သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုထောက်ပံ့ကူညီခြင်း** | | | | | | |
| ၁ | ထွန်စက်အားအရစ်ကျစနစ်ဖြင့်ဝယ်ယူ လိုခြင်း | ၁စီး | ✓ | | | | |
| **၃** | **အသက်မွေးဝမ်းကျောင်းနှင့်ကျေးလက်စီးပွားမြင့်မားစေရေး** | | | | | | |
| ၁ | ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) | ၂၀ဦး | ✓ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုဆိုင်ရာသင်တန်း | ၂၀ဦး | ✓ | | | | |
| ၃ | ကြက်ခြေပြာသင်တန်း | ၂၀ဦး | ✓ | | | | |
| ၄ | အသင်းအဖွဲ့ဝင်များအားအခြေခံစာရင်းအင်းနှင့်စာရင်းကိုင်သင်တန်း | ၂၀ဦး | ✓ | | | | |
| ၅ | အခြေခံအပ်ချုပ်စက်သင်တန်း | ၂၀ဦး | | | ✓ | | |
| ၆ | အခြေခံလူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း | ၂၀ဦး | | ✓ | □ | | |
| ၇ | တန်ဖိုးမြင့်စားသောက်ကုန်လုပ်ငန်း | ၂၀ဦး | | ✓ | | | |
| ၈ | တစ်လုံးထိုးဒီဇယ်စက်ပြင်သင်တန်း | ၂၀ဦး | | | ✓ | | |
| **၄** | **အသင်းအဖွဲ့များနိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း** | | | | | | |
| ၁ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း | ၁၁ | ✓ | □ | □ | □ | □ |
| ၂ | ကျေးရွာသမဝါယမအသင်းအဖွဲ့ဖွဲ့စည်းခြင်း | | ✓ | | | | |
| ၃ | ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း | ၁၁ | ✓ | | | | |
| ၄ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း(VDP) ကော်မတီဖွဲ့စည်းခြင်း | ၇ | □ | ✓ | | | |
| ၅ | စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးသင်တန်း(GAP) | ၂၀ဦး | ✓ | | | | |
| ၆ | မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်း(GAHP) | ၂၀ဦး | ✓ | | | | |
| ၇ | ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ(RBF) လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း | ၂၀ဦး | ✓ | | | | |
| **၅** | **လူမှုကာကွယ်စောင့်ရှောက်ရေး** | | | | | | |
| ၁ | သက်ကြီးပင်စင်ထောက်ပံ့ခြင်း | ၂ဦး | ✓ | ✓ | ✓ | ✓ | ✓ |
| ၂ | ကိုယ်ဝန်ဆောင်မိခင်နှင့် ၂နှစ်အောက်ကလေးငယ်များအတွက်ထောက်ပံ့ခြင်း | ၅ဦး | ✓ | ✓ | ✓ | ✓ | ✓ |
| ၃ | ယာဉ်စည်းကမ်း/လမ်းစည်းကမ်းပညာပေးသင်တန်း | ၂၀ဦး | ✓ | □ | □ | □ | □ |
| ၄ | မီးဘေးအန္တရာယ်အသိပညာပေးသင်တန်း | ၂၀ဦး | ✓ | □ | □ | □ | □ |
| **၆** | **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | | | | | | |
| ၁ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | ၁ လ လျှင် (၁)ကြိမ် | ✓ | ✓ | ✓ | ✓ | ✓ |
| ၂ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာအသိပညာပေးသင်တန်း | ၁ ကြိမ် | ✓ | ✓ | □ | ✓ | □ |
| ၃ | အဖုံးပါအမှိုက်ပုံး အစို/အခြောက်အတွဲဝယ်ယူခြင်း | ၈စုံ | ✓ | | | | |
| ၄ | အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲခြင်းလုပ်ငန်း | (၁၅'x၁၀'x၁၀') | □ | ✓ | | | |
| ၅ | အိမ်စည်းရိုးလုပ်ငန်း | ၁၄၅ အိမ် | ✓ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာကျေးလက်ဒေသ ဖွံ့ဖြိုးရေးအသိပညာပေးသင်တန်း | ၂၀ဦး | ✓ | | | | |
| ၇ | ကျေးရွာအဝင်လမ်းအပင်စိုက်ပျိုးခြင်း | တရုပ်စကားပင် (၅၀၀)ပင် | ✓ | | | | |
| ၈ | မိုးရာသီသစ်ပင်စိုက်ပွဲနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်း (ကျေးရွာပိုင်တအုပ်တမထင်း စိုက်ခင်း )၊ကော်ဖီပင်စိုက်ပျိုးခြင်း | အရိပ်ရပင် (၁၂၀၀)ပင် ကော်ဖီပင် (၈၀၀)ပင် | ✓ | | | | |
| ၉ | ကျေးရွာရေနုတ်မြောင်းတူးဖော်ခြင်း | ၂၀၀၀' | | ✓ | | | |



## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင် ရာအဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာ ဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသား မဟုတ်သောထည့်ဝင်မှု၊ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသား ချင်းစာနာမှုဆိုင် ရာထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း သုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | |
| 1. | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁၉.၉၀၀ | | | | |
| 2. | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၃.၉၀၀ | | | | |
| 3. | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၂၆.၁၆၉ | | | | |
| 4. | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၂၄.၉ | | | | |
| 5. | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၄၂.၃၈၇ | | | | |
| 6. | ကျေးရွာတွင်းကွန်ကရစ်ဘောင်ခတ် ချောင်းကျောက်ခင်းခြင်း | ၁၅.၀၀၀ | | | | |
| 7. | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၆၅.၈၆၉ | | | | |
| 8. | ကျေးလက်ရေရရှိရေးလုပ်ငန်း ၄.၅Ø၄၀၀'တွင်းနက်၊ | ၂၃.၀၀၀ | | | | |
| 9. | ကျေးရွာအဝင် ဆိုင်းဘုတ်ပြုလုပ်ခြင်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| 10. | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၄၅.၀၀၀ | | | | |
| 11. | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | | | | | |
| 12. | ကျောင်းဆောင်သစ်အဆင့်မြှင့်တင်ခြင်း | | | | | |
| 13. | အိမ်သွယ်ရေတိုင်စနစ်ဆောင်ရွက်လိုခြင်း | ၃၅.၀၀၀ | | | | |
| 14. | ထရမ်စဖော်မာလိုအပ်ခြင်း | | | | | |
| 15. | Digital Centerတွင်ထားရှိသောItစက်ပစ္စည်းများဝယ်ယူခြင်း/Wifiတပ်ဆင်ခြင်း | ၃.၀၀၀ | | | | |
| 16. | ထွန်စက်အားအရစ်ကျစနစ်ဖြင့်ဝယ်ယူလိုခြင်း | ၁၂၀.၀၀၀ | | | | |
| 17. | ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) | ၃၀.၀၀၀ | | | | |
| 18. | စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုဆိုင်ရာသင်တန်း | | | | | |
| 19. | ကြက်ခြေပြာသင်တန်း | ၀.၁၀၀ | | | | |
| 20. | အသင်းအဖွဲ့ဝင်များအားအခြေခံစာရင်းအင်းနှင့်စာရင်းကိုင်သင်တန်း | ၀.၁၀၀ | | | | |
| 21. | အခြေခံအပ်ချုပ်စက်သင်တန်း | | | | | |
| 22. | အခြေခံလူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း | | | | | |
| 23. | တန်ဖိုးမြင့်စားသောက်ကုန်လုပ်ငန်း | | | | | |
| 24. | တစ်လုံးထိုးဒီဇယ်စက်ပြင်သင်တန်း | | | | | |
| 25. | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း | | | | | |
| 26. | ကျေးရွာသမဝါယမအသင်းအဖွဲ့ဖွဲ့စည်းခြင်း | | | | | |
| 27. | ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးအဖွဲ့ဖွဲ့စည်းခြင်း | | | | | |
| 28. | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း(VDP) ကော်မတီ ဖွဲ့စည်းခြင်း | | | | | |
| 29. | စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး သင်တန်း(GAP) | ၀.၁၀၀ | | | | |
| 30. | မွေးမြူရေးဆိုင်ရာ အသိပညာပေး သင်တန်း(GAHP) | ၀.၁၀၀ | | | | |
| 31. | ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ(RBF)လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း | | | | | |
| 32. | သက်ကြီးပင်စင်ထောက်ပံ့ခြင်း | ၀.၀၂ | | | | |
| 33. | ကိုယ်ဝန်ဆောင်မိခင်နှင့် ၂နှစ်အောက်ကလေးငယ်များအတွက်ထောက်ပံ့ခြင်း | ၀.၀၇၅ | | | | |
| 34. | ယာဉ်စည်းကမ်း/လမ်းစည်းကမ်းပညာပေးသင်တန်း | ၀.၁၀၀ | | | | |
| 35. | မီးဘေးအန္တရာယ်အသိပညာပေးသင်တန်း | ၀.၁၀၀ | | | | |
| 36. | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း | | | | | |
| 37. | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာအသိပညာပေးသင်တန်း | | | | | |
| 38. | အဖုံးပါအမှိုက်ပုံး အစို/အခြောက်အတွဲဝယ် ယူခြင်း | ၃.၂၀၀ | | | | |
| 39. | အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲခြင်း လုပ်ငန်း | ၇.၅၈၀ | | | | |
| 40. | အိမ်စည်းရိုးလုပ်ငန်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| 41. | အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာကျေးလက်ဒေသ ဖွံ့ဖြိုးရေးအသိပညာပေးသင်တန်း | | | | | |
| 42. | ကျေးရွာအဝင်လမ်းအပင်စိုက်ပျိုးခြင်း | | | | | |
| 43. | မိုးရာသီသစ်ပင်စိုက်ပွဲနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်း (ကျေးရွာပိုင်တအုပ်တမထင်း စိုက်ခင်း )၊ကော်ဖီပင်စိုက်ပျိုးခြင်း | | | | | |
| 44. | ကျေးရွာရေနုတ်မြောင်းတူးဖော်ခြင်း | ၃.၂၅၀ | | | | |



## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင် အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီး သီး၊ ကော်မတီအသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကို လည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြား မှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက် ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။



**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

